# လူသားချင်းစာနာမှုဆိုင်ရာသတင်းလွှာ
# မြန်မာနိုင်ငံ

စာစဉ် ၆ ၊ ဇူလိုင်-အောက်တိုဘာ ၂၀၁၅

OCHA



ကလေးမြို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းတစ်ခုမှ မိန်းကလေးငယ်တစ်ဦး (ဓာတ်ပုံ OCHA)

ဤစာစဉ်တွင်

ရေဘေးဒဏ်ခံရပြီးနောက် လူထု၏ ကြံ့ကြံ့ခံပြန်လည် ရပ်တည်နိုင်မှု စာ-၁
ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဒေသခံများကြိုးပမ်းဆောင်ရွက် စာ-၂
ကယ်ဆယ်ရေးစခန်းများတွင် လူပေါင်း ၁၁,၀၀၀ ရှိနေဆဲ စာ-၄
ရခိုင်ပြည်နယ်သည် ရေဘေးဒဏ်အဆိုးဝါးဆုံးခံခဲ့ရသည့်ဒေသတစ်ခုဖြစ် စာ-၆
ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်ဒေသတွင်
နေရပ်စွန့်ခွာတိမ်းရှောင်သူပေါင်း ၁,၂၀၀ ကျော်ရှိ စာ-၇
ရှမ်းပြည်နယ်ရှိနေရပ်စွန့်ခွာတိမ်းရှောင်နေသူများနှင့်
ကိုးကန့်ဒေသသို့ပြန်လည်ဝင်ရောက်လာသူများ စာ-၈

## အဓိကအချက်များ

- ရပ်ရွာလူထုများသည် ဆယ်စုနှစ်များအတွင်း အဆိုးဝါးဆုံး ရေဘေးဒဏ်မှ ပြန်လည် ထူထောင်နိုင်ရန် ရှန်းကန်ကြိုးစားလျက်ရှိ
- ဒေသတွင်း ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများမှသိန်းနှင့်ချီသော လူများကို အကူအညီများ ပေးအပ်နိုင်ခဲ့
- ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ကယ်ဆယ်ရေးစခန်းများတွင် လူပေါင်း ၁၁,၀၀၀ခန့် ကျန်ရှိနေသေး
- ရေဘေးဒဏ်အဆိုးဝါးဆုံးခံခဲ့ရသည့် ရခိုင် ပြည်နယ်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်
- ကချင်ပြည်နယ် ဆွမ်ပရာဘွမ်ရှိ ပဋိပက္ခများ ကြောင့် ခံစားနေရသည့် အရပ်သားများ အတွက် လူသားချင်းစာနာမှုဆိုင်ရာ လက်လှမ်းမီရေး အကန့်အသတ်များရှိနေ
- ရှမ်းပြည်တောင်ပိုင်းတွင်တိုက်ပွဲများကြောင့် လူပေါင်း၆၀၀၀ကျော်နေရပ်စွန့်ခွာတိမ်းရှောင်
- နေရပ်စွန့်ခွာတိမ်းရှောင်သူ အများအပြား ကိုးကန့်ဒေသသို့ ပြန်လည် ဝင်ရောက်

## အဓိက ကိန်းဂဏန်းများ

| | |
|---|---|
| ရခိုင်ပြည်နယ်တွင်နေရပ်စွန့်ခွာ တိမ်းရှောင်သူများ | > ၁၃၀,၀၀၀ |
| ကချင်နှင့် ရှမ်းမြောက်တွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူများ | > ၁၀၀,၀၀၀ |

## ရန်ပုံငွေ

၁၉၀ သန်း (အမေရိကန်ဒေါ်လာ)
၂၀၁၅ ခုနှစ်တွင် လူသားချင်း စာနာမှု အကူအညီများပေးရန်အတွက် တောင်းခံထား

**ရန်ပုံငွေ ၄၄% ရရှိ**
**(အမေရိကန်ဒေါ်လာ ၈၃.၇ သန်း)**

မြန်မာနိုင်ငံ ရေဘေးတုံ့ပြန် ဆောင်ရွက်ရေး အစီအစဉ်မှ အမေရိကန်ဒေါ်လာ
၆၇.၅ သန်း တောင်းခံထား

**ရန်ပုံငွေ ၅၅% ရရှိ**
**(အမေရိကန်ဒေါ်လာ ၃၇.၃ သန်း)**

## ဆယ်စုနှစ်များအတွင်း အဆိုးဝါးဆုံး ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်

### ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် လူပေါင်း ၁၇၂ ဦး အသက်ဆုံးရှုံးခဲ့ရပြီး လူပေါင်း ၉ သန်းကျော် ထိခိုက်ခံရကာ လူဦးရေ ၁.၇ သန်းကျော် ယာယီနေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရ

ဇူလိုင် ၃၀ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း ကိုမန်ကြောင့် မြန်မာနိုင်ငံအတွင်း လေပြင်းများတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး ရေကြီးရေလျှံမှုများကြောင့် မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုအနက် ၁၂ ခုတွင် လူပေါင်း ၉ သန်းကျော် ထိခိုက်ခံစားခဲ့ရပါသည်။ နောက်ဆက်တွဲအနေဖြင့် ပြီးခဲ့သည့် လများအတွင်း နိုင်ငံအတွင်းရှိ ဒေသအချို့တွင်လည်း ကြီးမားပြင်းထန်သည့်ရေကြီးရေလျှံဖြစ်မှုများ ဆက်လက်ဖြစ်ပွားခဲ့ပါသည်။ ဇူလိုင်လ ၃၁ ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးက ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးများအား သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာခဲ့ပါသည်။ အရေးပေါ် အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနမှ ထုတ်ပြန်သည့်အချက်အလက်များအရ ရေဘေးကြောင့် ဖွန်လနှင့်အောက်တိုဘာလအတွင်းတွင် လူပေါင်း ၁၇၂ ဦး သေဆုံးခဲ့ရပြီး၊ လူပေါင်း ၁.၇သန်းကျော် ယာယီနေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရပါသည်။

ရေဘေးစတင်သည့်အချိန်မှစ၍ ရေဘေးသင့်ပြည်သူများသည် ထူးခြားအံ့သြဖွယ်ကောင်းလောက်အောင် ကြံ့ကြံ့ခံရပ်တည်နိုင်စွမ်းကိုပြသခဲ့ကြပြီး၊ ရေများကျသွားသည်နှင့်တစ်ပြိုင်နက် ၎င်းတို့၏ဘဝများကိုပြန်လည်တည်ဆောက်ရန်အတွက် မူရင်းနေထိုင်ရာဒေသများသို့ပြန်သွားခဲ့ကြပါသည်။ ရေဘေးသင့်ဒေသများနှင့် အခြားဒေသများရှိ ဒေသခံများမှလည်း ကြီးမားသည့် စေတနာသဒ္ဓါတရား ထက်သန်မှုတို့ဖြင့် အားတက်သရော ပံ့ပိုးကူညီခဲ့ကြသလို၊ ဒေသတွင်း အရပ်ဖက်လူမှုအဖွဲ့အစည်းများ အနေဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပြီး၊ ပုဂ္ဂလိကလုပ်ငန်းများမှလည်း ပံ့ပိုးပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။ တုံ့ပြန်ကယ်ဆယ်ရေးလုပ်ငန်းများအတွက် လျှင်မြန်စွာ ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည့် ပြည်ထောင်စုအဆင့်၊ နိုင်ငံတော်အဆင့်တာဝန်ရှိသူများသည် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသခံများနှင့်အတူ ဦးစီးဆောင်ရွက်ခဲ့ကြပါသည်။ အစိုးရအနေဖြင့်နေပြည်တော်ရှိအရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနကို ပထမဆုံးအကြိမ်အဖြစ် ဆောင်ရွက်လည်ပတ်ခဲ့ပါသည်။



စစ်ကိုင်းတိုင်းဒေသရှိလယ်ယာမြေအများတွင်ရွှံ့နွံများနှင့်အပျက်အစီးအပိုင်းအစများ ယခုအချိန်အထိ ဖုံးလွှမ်းနေဆဲ။ ဓာတ်ပုံ-OCHA

ဒေသတွင်းနှင့် ကမ္ဘာတစ်ဝှမ်းမှ အစိုးရများအနေဖြင့် အပြန်အလှန်အကျိုးတူ အထောက်အကူများကို ပံ့ပိုးပေးခဲ့ကြပါသည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများကလည်း အစိုးရမှဦးဆောင်သည့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ပံ့ပိုးထောက်ကူရန် စုစည်းဆောင်ရွက်ခဲ့ကြပါသည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအခြေအနေနှင့် ကွဲပြားခြားနားစွာ အစိုးရသည် နိုင်ငံတကာအဖွဲ့အစည်းများ၏အထောက်အကူများကိုကြိုဆိုလက်ခံခဲ့ပြီး၊ ကနဦးပိုင်းမှစတင်၍အခိုင်အမာပူးပေါင်းဆောင်ရွက်ခဲ့ကြကာအရေးပေါ်ကယ်ဆယ်ရေးနှင့် ရေရှည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်နိုင်ရန်အတွက် အားထုတ် ကြိုးပမ်းခဲ့ကြပါသည်။ နာဂစ်မုန်တိုင်းအပြီး ရရှိခဲ့သော သင်ခန်းစာများကြောင့် အမျိုးသားအဆင့်ကြိုတင်ပြင်ဆင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကြီးမားကျယ်ပြန့်စွာပြောင်းလဲတိုးတက်လာသည့် ရလဒ်များကို ထင်ရှားစွာတွေ့မြင်ရပြီး ဤအချက်ကြောင့်ပင် လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့ပါသည်။ ဥပမာအားဖြင့် နာဂစ်မုန်တိုင်းဒဏ်ကိုအဆိုးဝါးဆုံးခံခဲ့ရသော ဒေသတစ်ခုဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး

တွင် ပိုမိုကောင်းမွန်သည့် အရေးပေါ်ကြိုတင်သတိပေးစနစ်များနှင့် အရေးပေါ် ကြိုတင်ပြင်ဆင် ရေးလုပ်ငန်းများလည်း နေရာတကျပြင်ဆင်ထားရှိပြီးဖြစ်ကာ ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းမှလည်း အကျိုးရလဒ်များခံစားရလျက်ရှိပါသည်။ သို့သော် စစ်ကိုင်း၊ မကွေးနှင့် ရခိုင်ပြည်နယ်ကဲ့သို့သောဒေသများသည် ဤမျှပြင်းထန်သည့် အရေးပေါ်ရေဘေးအခြေအနေအတွက် ကောင်းမွန်သောပြင်ဆင်မှုမရှိခဲ့သောကြောင့် ရပ်ရွာလူထုအနေဖြင့် ဤဘေးအန္တရာယ်၏ ကြီးမားသည့် အကျိုးသက်ရောက်မှုများမှ ပြန်လည်ထူထောင်နိုင်ရန် အဓိကကျသည့် စိန်ခေါ်မှုများနှင့် ဆက်လက်ရင်ဆိုင်ကြရမည် ဖြစ်ပါသည်။

**ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများကို အစိုးရမှ ဦးစီးဆောင်ရွက်**

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတစ်ဝှမ်းလုံးတွင် ရေဘေးနှင့်မြေပြိုမှုများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်လျက်ရှိပါသည်။ အရေးပေါ်တုံ့ပြန်ကယ်ဆယ်ရေးလုပ်ငန်းများတွင် ရေဘေးလွတ်ကင်းရာနေရာများသို့ ရွှေ့ပြောင်းနေရာချထားခြင်း၊ အစားအစာ၊ ရေ၊ ယာယီအမိုးအကာ၊ ကျန်းမာရေးဝန်ဆောင်မှုများအပါအဝင် ရေဘေးသင့် ပြည်သူများအတွက် အခြားအသက်ကယ်ဆယ်ရေး အထောက်အကူများပံ့ပိုးပေးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ မရှိမဖြစ်လိုအပ်သည့်အခြေခံအဆောက်အအုံများပြုပြင်ပြင်ဆင်ပေးခြင်း၊ ရေဘေးကြောင့်ကြီးမားသောဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ရသည့် လယ်သမားများအတွက် ပံ့ပိုးကူညီပေးခြင်းများ ပါဝင်ပါသည်။ စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်းတွင် အစိုးရသည် နိုင်ငံတော်၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းအစီအစဉ်ဖော်ဆောင်ခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရေဘေးနှင့်မြေပြိုခြင်းကာလအလွန် လိုအပ်ချက်များလေ့လာဆန်းစစ်ခြင်း(PFLNA) မှ တွေ့ရှိချက်များအပေါ် ဆွေးနွေးရန် အလုပ်ရုံဆွေးနွေးပွဲများနှင့် ဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် လက်ခံကျင်းပပေးခဲ့ပါသည်။

အဆိုပါ လိုအပ်ချက်များ လေ့လာဆန်းစစ်ခြင်းကို မြန်မာနိုင်ငံအစိုးရ၊ ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂ၊ ဉရောပသမဂ္ဂအဖွဲ့နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး၊ အောက်တိုဘာ၁၂ရက်နေ့တွင် ပြီးဆုံးခဲ့ပါသည်။ လိုအပ်ချက်များလေ့လာဆန်းစစ်ခြင်းတွင် အဓိကအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ၌ လူထုဗဟိုပြုချဉ်းကပ်မှု နည်းလမ်းများကိုထည့်သွင်းအသုံးပြုခြင်း၏ အရေးပါမှု၊ ပျက်စီးဆုံးရှုံးသွားရသည့် အခြေခံအဆောက်အဦများ ပြန်လည်မွမ်းမံပြင်ဆင်ရေးကို ဦးစားပေးဆောင်ရွက်မှု၊ ရေဘေးသင့်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများနှင့် ဘေးအန္တရာယ်လျော့ပါးရေးဆောင်ရွက်ချက်များအားထည့်သွင်းဆောင်ရွက်မှုကို အလေးထားစဉ်းစားရန်ဖော်ပြထားပါသည်။ အစိုးရအနေဖြင့်လည်း ပြန်လည်ထူထောင်ရေးအစီအစဉ်ကို အောက်တိုဘာလတွင် ထုတ်ပြန်မည်ဟုဖော်ပြထားခဲ့သော်လည်း နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အထွေထွေရွေးကောက်ပွဲကာလအတွက် စီစဉ်ဆောင်ရွက်မှုများကြောင့် အဆိုပါ ထုတ်ပြန်မည့်အစီအစဉ်ကိုခေတ္တရပ်ဆိုင်းထားခဲ့ပါသည်။ ထိုအချိန်အတွင်းတွင် ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ရေဘေးသင့်ပြည်သူများ၏ လတ်တလောလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ရေရှည်ပြန်လည်ထူထောင်ရေးလိုအပ်ချက်များအတွက် စီမံကိန်းများချမှတ်၍ ဖြေရှင်းဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရအား ကူညီပံ့ပိုးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရေဘေးဒဏ်ကြောင့် စိုက်ပျိုးရေးလုပ်ငန်းအပေါ် မှီခိုအားထားနေရသည့် မိသားစုများ၏ အသက်မွေးဝမ်းကျောင်းမှုကို ဆိုးဝါးစွာထိခိုက်စေခဲ့သည့်အတွက် နောက်ဆက်တွဲအရေးပေါ်အခြေအနေများမှ လွတ်ကင်းနိုင်ရန် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန်လိုအပ်လျက်ရှိပါသည်။ ကုန်ထုတ်လုပ်မှုဆုံးရှုံးမှုများ မြင့်မားလာနိုင်ပြီး၊ ကျေးလက်နေ ပြည်သူများ၏ အဓိကဝင်ငွေရရှိသောလုပ်ငန်းများအနက်မှ တစ်ခုဖြစ်သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ လုပ်သားများအတွက် အခွင့်အလမ်းများ နည်းပါးလာလျက်ရှိပါသည်။ ဘေးအန္တရာယ်အတွင်းတွင် မျိုးစေ့များ၊ မြေဩဇာနှင့် စိုက်ပျိုးရေးသုံးကိရိယာတန်ဆာပလာများ ပျက်စီးဆုံးရှုံးမှုများအပြင် ဆည်ရေစနစ်များလည်းပျက်စီးခဲ့ရပါသည်။ အကျိုးဆက်အနေဖြင့် လယ်သမားများ လာမည့်ဆောင်းနှင့်နွေရာသီ စိုက်ပျိုးရေးရာသီအတွက် လယ်ယာလုပ်ငန်းစတင်နိုင်ရန်မှာ မသေချာသေးပါ။ ထို့ကြောင့် လယ်ယာလုပ်ငန်းများ ချက်ချင်းပြန်လည် စတင်စေနိုင်မည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအစီအစဉ်များကို အချိန်မီပံ့ပိုးပေးခြင်းသည် လာမည့်နှစ်တွင် စားနပ်ရိက္ခာဖူလုံမှုအခြေအနေ ဆက်လက်နိမ့်ကျသွားခြင်းကို တားဆီးနိုင်ရန်အတွက် မဖြစ်မနေလိုအပ်ပါသည်။ အစိုးရအနေဖြင့် ရေဘေးသင့်ဒေသများတွင် အခြေအနေလေ့လာဆန်းစစ်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရေဘေးသင့်ဒေသများတွင် ရေဘေးသင့်ပြည်သူများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအစီအမံများကို တိုးချဲ့ဆောင်ရွက်ရန်အစီအစဉ်များ ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားထားပါသည်။

## ရေဘေးတုံ့ပြန်ကယ်ဆယ်ရေးလုပ်ငန်းများတွင် ဒေသတွင်းအဖွဲ့အစည်းများ အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်

*မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ရေကြီးရေလျှံကာလအတွင်း လူပေါင်း ၃၈၀,၀၀၀ကျော်ကို ရေဘေးလွတ်ကင်းရာအရပ်သို့ အရေးပေါ်ရွှေ့ပြောင်းပေးခဲ့ရ*

**ဒေသတွင်း တုံ့ပြန်ကယ်ဆယ်ရေးဆောင်ရွက်မှုများမှ သိန်းနှင့်ချီသောလူများကို အကူအညီများပေးအပ်နိုင်ခဲ့**

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ရေဘေးအရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ပြီး၊ လူပေါင်း၃၈၀,၀၀၀ ကျော်ကို ရေဘေးလွတ်ကင်းရာနေရာများသို့ ချက်ခြင်းရွှေ့ပြောင်းနေရာချထားပေးရာတွင် ပံ့ပိုးကူညီပေးခဲ့ပါသည်။ ထို့ပြင် လူဦးရေ ၇၀,၀၀၀ ကျော်အတွက် အစားအစာများ၊ စောင်များ၊ ခြင်ထောင်များ၊ အိုးခွက်ပန်းကန်များ၊ မိသားစုနှင့်တစ်ကိုယ်ရေသန့်ရှင်းရေးအသုံးအဆောင်ပစ္စည်းများအပါအဝင် တာပေါ်လင်စများနှင့် အမိုးအကာအသုံးအဆောင်များကို ဖြန့်ဝေပေးခဲ့ပါသည်။ အရေးပေါ်ရှေးဦးသူနာပြုစုခြင်းနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကိုလည်းဆောင်ရွက်ပေးခဲ့ကြပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ချင်း၊ စစ်ကိုင်းနှင့် မကွေး ဒေသများတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ

ဆောင်ရွက်မှုများနှင့် ငွေကြေးပံ့ပိုးမှုများပါဝင်သည့် ကနဦးပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဝန်ထမ်းများနှင့်စေတနာ့ဝန်ထမ်းများသည် ငှက်ဖျားနှင့်သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ ကာကွယ်တားဆီးရေးလုပ်ငန်းများနှင့် ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများကိုလည်း ဦးစားပေး ဆောင်ရွက်လျက်ရှိပါသည်။


မြန်မာနိုင်ငံကြက်ခြေနီအသင်း စေတနာ့ဝန်ထမ်းများမှ ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် ကလေးငယ်များအား ကူညီပေးနေစဉ်။ ဓာတ်ပုံ-ဦးဂင်းနက်ရှ်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း။

ဒေသတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် တုံ့ပြန်ကယ်ဆယ်ရေး လုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍမှပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။ ဥပမာအားဖြင့် ကွန်ယက်လုပ်ရှားမှုများအဖွဲ့အနေဖြင့်  နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်၍ မကွေး၊ စစ်ကိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးများရှိ လူပေါင်း ၁၆၃,၀၀၀ ကျော်ကိုပံ့ပိုးထောက်ကူပေးခဲ့ကြပါသည်။ ပံ့ပိုးကူညီမှုလုပ်ငန်းများတွင် အစားအစာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာပံ့ပိုးမှုများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးအသုံးအဆောင်ပစ္စည်းများ၊ ချက်ပြုတ်ရန် အိုးခွက်ပန်းကန်များ၊ ရေသန့်နှင့် ဓာတ်ဆားထုတ်များ ဖြန့်ဝေပေးခြင်း၊ ရေထွက်ပင်ရင်းများ သန့်ရှင်းရေးအတွက်ဆောင်ရွက်ခြင်း၊ အိမ်သာများအတွက်ပံ့ပိုးပေးခြင်းများနှင့် ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်ပေးခြင်းတို့ပါဝင်ပါသည်။ ကွန်ယက်လှုပ်ရှားမှုများအဖွဲ့သည် စစ်ကိုင်းနှင့် မကွေးတို့တွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာစီမံချက်များ၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာလုပ်ငန်း အစီအစဉ်များဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုဆက်လက်ပံ့ပိုးပေးလျက်ရှိပါသည်။ အခြားဥပမာတစ်ခုမှာ ကြီးမားသော အရပ်ဖက်လူမှုအဖွဲ့အစည်း ကွန်ယက်များအတွက် သတင်းအချက်အလက်များ စုစည်းခြင်း၊ ဖြန့်ဝေပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ကိုယ်စားပြု အရေးဆို ဆောင်ရွက်ခြင်းများကို ကြီးကြပ်သည့် ချင်းပြည်နယ် အရေးပေါ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများသည်လည်း ချင်းပြည်နယ်တွင် ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

## ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နိုင်ငံတကာမှ ပံ့ပိုးကူညီမှုများ

ဩဂုတ်လအတွင်းတွင် ကုလသမဂ္ဂနှင့် လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၇၅ သန်း  လိုအပ်သော ကနဦးရေဘေးတုံ့ပြန်ကယ်ဆယ်ရေးလုပ်ငန်းစဉ်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည် (သုံးသပ်ပြင်ဆင်ပြီး ပြန်လည်ထုတ်ပြန်သည့် ထိုလုပ်ငန်းစဉ်မှာ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၆၇.၅ သန်းလိုအပ်ပါသည်)။ ၂၀၁၅ခုနှစ် အောက်တိုဘာလကုန်ပိုင်းရောက်ချိန်တွင် အလှူရှင်များအနေဖြင့် အဆိုပါလုပ်ငန်းအစီအစဉ်အတွက် အမေရိကန်ဒေါ်လာ၃၇.၃ သန်း(လိုအပ်ငွေ၏ ၅၅%ခန့်) ကိုထည့်ဝင်ပေးခဲ့ပြီးဖြစ်ပါသည်။ အများဆုံး ထည့်ဝင်ကြသည့် အလှူရှင်နိုင်ငံများမှာ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဥရောပကော်မရှင် လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရေးရုံး(ECHO)၊ ဩစတြေးလျ၊ ကနေဒါ၊ ဆွီဒင်၊ နော်ဝေ၊ ဒိန်းမတ်နှင့် ဗြိတန်နိုင်ငံ၊ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (LIFT) နှင့် ကုလသမဂ္ဂအရေးပေါ် ကယ်ဆယ်ရေးဗဟိုရန်ပုံငွေတို့မှ အများဆုံးထည့်ဝင်လှူဒါန်းခဲ့ကြပါသည်။

*ရေဘေးသင့်ပြည်သူ ၄၅၅,၀၀၀ ကျော်အတွက် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်နှင့် မိတ်ဖက်အဖွဲ့ အစည်းများက စားနပ်ရိက္ခာများ ပံ့ပိုးပေးလျက်ရှိ*

အောက်တိုဘာလအထိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ချုပ် (IFRC)နှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(IOM) အပါအဝင် လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် အိုးအိမ်များ ဆိုးဝါးစွာ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် လူပေါင်း ၁၄၅,၆၀၀ ကျော်တို့အတွက် အမိုးအကာဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးပေးခဲ့ပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ကယ်ဆယ်ရေးလုပ်ငန်းများ စတင်သည့် ပထမရက်သတ္တပတ်မှာပင် လူဦးရေ ၄၅၅,၀၀၀ ကျော်အတွက် အသက်ကယ်ဆယ်ရေး အစားအသောက်များကိုဖြန့်ဝေပေးခဲ့ပြီး၊ ထိခိုက်ပျက်စီးမှု အများဆုံး အခြေအနေတွင်ရှိသည့် လူများအတွက် ယခုနှစ်ကုန်ပိုင်းအထိ စားနပ်ရိက္ခာပံပိုးမှုများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ နိုဝင်ဘာလမှစတင်၍ ရေဘေးသင့်ပြည်သူများအနေဖြင့် ၎င်းတို့ ကိုယ်တိုင် အစားအစာများကိုသွားရောက်ဝယ်ယူနိုင်မည့် ဈေးကွက်လက်လှမ်းမှီမှုရှိသည့်နေရာအချို့တွင် အစားအသောက်ပံ့ပိုးကူညီမှုအစား ငွေကြေးအခြေခံသည့် ပံ့ပိုးကူညီမှု သို့မဟုတ် ဝင်ငွေရရှိနိုင်မည့်စီမံချက်များကို အစားထိုး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။


IOM နှင့်မိတ်ဖက်အဖွဲ့အစည်းများမှ အမိုးအကာအသုံးအဆောင်ပစ္စည်းအစုံပေါင်း ၁၀,၈၀၀ ကျော်ကို ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ပါသည်။ ဓာတ်ပုံ IOM

ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အစုအဖွဲ့သည် အစိုးရနှင့်ပူးပေါင်း၍ ရေဘေးသင့်ပြည်သူ ၂၃၀, ၀၀၀ တို့အတွက် သန့်ရှင်းသည့်သောက်သုံးရေ ရရှိရေးကို စီစဉ်ပံ့ပိုးပေးခဲ့ပြီး၊ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများစတင်သည့် ပထမ နှစ်လ

မှာပင် လူဦးရေ ၁၅၀,၀၀၀အတွက် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာအမူအကျင့်များနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ ပံ့ပိုးပေးနိုင်ခဲ့ပါသည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး(UNHCR)၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) အပါအဝင် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများသည် ယောကျာ်းလေးနှင့်မိန်းကလေး ၁၅,၀၀၀ကျော်တို့အား လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှုများအပါအဝင် ထိခိုက်ပျက်စီးလွယ်သည့်အခြေအနေရှိ လူပေါင်း ၇၃,၆၀၀ကျော်တို့အတွက် အရေးကြီးသော ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ အမျိုးသမီးအသုံးအဆောင်အစုံပေါင်း ၇၀၀၀ကျော်ကိုလည်း အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဖြန့်ဝေပေးခဲ့ပါသည်။ နာဂစ်မုန်တိုင်းတွင်ရရှိခဲ့သည့် သင်ခန်းစာများအပေါ်အခြေခံ၍ ဘေးအန္တရာယ်ဆိုးဝါးစွာခံစားခဲ့ရသည့် မြို့နယ်များတွင် မိသားစုများအနေဖြင့် ပြန်လည်ထူထောင်နိုင်ရန် ရုန်းကန်ရသည့်အတွက် ကလေးသူငယ်များအား လူကုန်ကူးခြင်း၊ ကလေး အလုပ်သမားများနှင့် အရွယ်မရောက်မီအိမ်ထောင်ပြုရခြင်းများစသည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်းသည့် စိုးရိမ်ဖွယ်ရာအခြေအနေများဖြစ်ပေါ်လာနိုင်ပါသည်။ နိုင်ငံတော်အစိုးရမှ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် မသန်စွမ်းသူများ အပါအဝင် ထိခိုက်ပျက်စီးလွယ်သည့်အခြေအနေရှိအုပ်စုများအတွက် လူမှုကာကွယ်စောင့်ရှောက်မှုကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ကြေငြာခဲ့ပါသည်။

*အရေးပေါ်အခြေအနေ စတင်ချိန်ကတည်းက ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်နှင့် မိတ်ဖက်အဖွဲ့ အစည်းများ၏ ပံ့ပိုးမှုဖြင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့*

ကျန်းမာရေးကဏ္ဍတွင် ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများအနေဖြင့် အရေးပေါ်အခြေအနေကာလ ပထမနှစ်လအတွင်း လူပေါင်း ၁၄၅,၀၀၀ အတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးနိုင်ခဲ့ပြီး၊ အသက်၆လမှ ၅နှစ်အကြားရှိ ကလေးသူငယ် ၅၀,၀၀၀ ကျော်အတွက်လည်း လိုအပ်သည့်ဖြည့်စွက်အာဟာရများ ပံ့ပိုးနိုင်ခဲ့ပါသည်။ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ Save the children နှင့် အခြားပညာရေးကဏ္ဍဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် ရေဘေးသင့် ကလေးပေါင်း ၃၂,၅၀၀ ကျော်မှာ အရေးပေါ်ပညာရေးဝန်ဆောင်မှုများကို လက်လှမ်းမီရရှိခဲ့ပါသည်။ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်နှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် အရေးပေါ်အခြေအနေစတင်ချိန်ကတည်းက ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲ၍ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)သည် ရေဘေးကြောင့် ဆုံးရှုံးသွားရသည့် သီးနှံပင်များ ပြန်လည်စိုက်ပျိုးနိုင်ရန် မျိုးစေ့များနှင့် မွေးမြူရေး တိရိစ္ဆာန်များ ပြန်လည်အစားထိုးမွေးမြူနိုင်ရန် ပံ့ပိုးကူညီပေးခဲ့ပါသည်။


## ချင်းပြည်နယ် နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ကယ်ဆယ်ရေးစခန်းများတွင် လူပေါင်း ၁၁,၀၀၀ ကျော် ကျန်ရှိနေသေး

**ရေဘေးသင့်သူများအနက်မှ အချို့အား နေရာဒေသအသစ်များတွင် အပြီးအပိုင် ပြန်လည်နေရာချထားပေးသွားမည်**

ရေဘေးကြောင့် ယာယီနေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရသူအများစုမှာ ရက်အနည်းငယ်အတွင်းမှာပင် ၎င်းတို့မူလနေထိုင်ရာ ကျေးရွာများသို့ပြန်သွားနိုင်ခဲ့ကြပါသည်။ အချို့မှာမူ ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ရက်သတ္တပတ်ပေါင်းများစွာ နေထိုင်ခဲ့ကြရသော်လည်း၊ ရေဘေးကြောင့် ယာယီနေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရသည့် လူပေါင်း ၁.၇ သန်း ကျော်အနက်မှ အားလုံးနီးပါးမှာ အောက်တိုဘာလကုန်သည့်အချိန်တွင် ၎င်းတို့၏နေအိမ်များသို့ပြန်လည်ပြောင်းရွှေ့နေထိုင်နေကြပြီဖြစ်ကာစစ်ကိုင်းတိုင်းဒေသကြီး နှင့် ချင်းပြည်နယ်ရှိ လူဦးရေ ၁၁,၀၀၀ သာ ရေဘေး ကယ်ဆယ်ရေး စခန်းများတွင် ဆက်လက်နေထိုင်ကြရလျက်ရှိပါသည်။ အစိုးရ အနေဖြင့် အဆိုပါနေရာများရှိ လူအများစုကို ယခုနှစ်မကုန်မီ ပြန်လည်နေရာချထားနိုင်မည်ဟု မျှော်မှန်းထားကြောင်း ပြောကြားခဲ့ပါသည်။ သို့သော် ၎င်းတို့အနက်မှ အချို့မှာ၊ ရွာတစ်ရွာလုံး လုံးဝပျက်စီးသွားပြီး ဆက်လက်နေထိုင်ရန် လုံခြုံစိတ်ချရမှုမရှိသည့် နေရာများမှဖြစ်သည့်အတွက် နေရာသစ်သို့ ရွှေ့ပြောင်းနေထိုင်ရန် စောင့်ဆိုင်းရမည်ဖြစ်သောကြောင့် ယာယီစခန်းများတွင် အချိန်အတော်ကြာ နေထိုင်ကြရဦးမည်ဖြစ်ပါသည်။ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ရေဘေးကယ်ဆယ်ရေး စခန်းများတွင် နေထိုင်လျက်ရှိသူများအား ကာကွယ်စောင့်ရှောက်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး၊ ပြန်လည်နေရာချထားခြင်းနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ၎င်းတို့ ပါဝင်ခွင့်ရရှိစေရေးနှင့် ၎င်းတို့၏ အခွင့်အရေးများ ရရှိစေရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

*ရေဘေးသင့်ပြည်သူ ၁၁,၀၀၀ ကျော် ကယ်ဆယ်ရေး စခန်းများတွင် ကျန်ရှိနေဆဲဖြစ်ပြီး၊ ပြန်လည်နေရာချထားရေး အတွက် စောင့်ဆိုင်းလျက်ရှိ*

**ချင်းပြည်နယ်နှင့်စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကယ်ဆယ်ရေးစခန်းများတွင် ကျန်ရှိနေသူများ**




အစိုးရ၏ထုတ်ပြန်ချက်များအရ ချင်းပြည်နယ်တွင် မြေပြိုမှု ဘေးအန္တရာယ် ဖြစ်ပေါ်နိုင်သည့် အခြေအနေရှိသော နေရာများမှ အိမ်ထောင်စုပေါင်း ၃၀၀၀ခန့်ကို အခြားနေရာသို့ ဆက်လက်ရွှေ့ပြောင်းနေရာချထားသွားမည်ဖြစ်ပါသည်။ အဆိုပါ လူဦးရေ ၅၂၀၀ ကျော်မှာ ဟားခါး၊ တွန်းဇံနှင့် တီးတိန်မြို့နယ်များရှိ ယာယီစခန်းများတွင် နေထိုင်လျက်ရှိကြပြီး၊ လူပေါင်း ၂၄၀ မှာ လက်ခံမိသားစုများနှင့်အတူ နေထိုင်လျက်ရှိပါသည်။ အစိုးရမှ သင့်လျော်သည့်ပြောင်းရွှေ့ချထားမည့်နေရာသစ်များကို ရှာဖွေရန်အတွက် ဘူမိဗေဒဆိုင်ရာ

ဆန်းစစ်လေ့လာခြင်းများကို ဆောင်ရွက်လျက်ရှိပြီး အိုးအိမ်အသစ်များကိုလည်း တည်ဆောက်ပေးလျက်ရှိပါသည်။ ထိုအတောအတွင်းတွင် နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသူများသည် ယာယီစခန်းများတွင်သာ နေထိုင်ကြရလျက်ရှိပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆိုးဝါးသည့် ရေကြီးရေလျှံမှု ကြုံတွေ့ခဲ့ရပြီး ရွံ့နွံများနှင့်အပျက်အစီးအပိုင်းအစများကြောင့် ကလေးမြို့နယ်ရှိ ကျေးရွာပေါင်း ၁၂ ရွာမှာဆိုးဆိုးဝါးဝါး ပျက်စီးခဲ့ရသည့်အတွက် အဆိုပါ ကျေးရွာနေပြည်သူများအတွက် နေရာသစ်သို့ ရွှေ့ပြောင်းနေရာချထားပေးရန် လိုအပ်နေပါသည်။ အခြားသော နေရာဒေသများတွင် ရေဘေးကြောင့် ယာယီနေရပ်စွန့်ခွာ ရွှေ့ပြောင်းခဲ့ရသူများမှာ ၎င်းတို့နေထိုင်ခဲ့ရာ နေရပ်သို့ပြန်နိုင်ရန် မိုးရာသီကုန်ဆုံးမည့်အချိန်ကို စောင့်ဆိုင်းလျက်ရှိနေကြပါသည်။ အောက်တိုဘာလကုန်အထိ ကလေးနှင့်တမူးမြို့နယ်များတွင် လူပေါင်း ၅,၇၀၀ ကျော်မှာ ၎င်းတို့၏ နေအိမ်များသို့ ပြန်နိုင်ခြင်းမရှိပဲ နေရပ်စွန့်ခွာ၊ ရွှေ့ပြောင်းနေထိုင်ဆဲဖြစ်ပါသည်။ လတ်တလောအစီရင်ခံစာများအရ မြန်မာနိုင်ငံအစိုးရ၏ မေတ္တာရပ်ခံချက်ဖြင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ အသင့်ဆောက်လုပ်ပြီးသားအိမ်အလုံးများကို ထောက်ပံ့ပေးရန် သဘောတူပြီးဖြစ်ကြောင်း သိရှိရပါသည်။

## ပိုမိုကောင်းမွန်သည့် ယာယီအမိုးအကာများနှင့် စခန်းစီမံခန့်ခွဲမှုအတွက် ပံ့ပိုးမှုများကို ဆောင်းရာသီမတိုင်မီ ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိ

*ရေဘေးကယ်ဆယ်ရေးစခန်းများတွင် နေထိုင်သူများအတွက် ဆောင်းရာသီ မတိုင်မီ ပိုမိုကောင်းမွန်သည့် ယာယီအမိုးအကာများ အရေးပေါ်လိုအပ်လျက်ရှိ*

အစိုးရ၊ ဒေသတွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ယုံကြည်မှုအခြေပြုအဖွဲ့အစည်းများသည် အစားအစာ၊ အမိုးအကာ၊ ရေနှင့် အခြားအခြေခံလိုအပ်ချက်များကို ပံ့ပိုးပေးခြင်းဖြင့် အရေးပေါ်လိုအပ်ချက်များ တုံ့ပြန်ဆောင်ရွက်ခြင်းကို ဦးစီးဆောင်ရွက်လျက်ရှိပါသည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာမှအစိုးရမဟုတ်သည့် အဖွဲ့အစည်းများသည်လည်း အစားအစာ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာဝန်ဆောင်မှုများနှင့် ကနဦးပြန်လည်ထူထောင်ရေးအကူအညီများအပါအဝင် အထောက်အပံ့များကို ပံ့ပိုးပေးလျက်ရှိပါသည်။ ထို့ပြင် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းမှ စခန်းစီမံခန့်ခွဲမှုနှင့် စပ်လျဉ်းသည့် သင်တန်းများပံ့ပိုးပေးလျက်ရှိပါသည်။ သို့သော် ယာယီနေထိုင်ရာနေရာများနှင့် အမိုးအကာများ၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာအသုံးအဆောင်ပစ္စည်းများ၊ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဝန်ဆောင်မှုများအပါအဝင် ယာယီစခန်းများ၏အခြေအနေနှင့် စခန်းတွင်းရှိ ဝန်ဆောင်မှုများ ပြည့်စုံကောင်းမွန်၊ လုံလောက်စေရန်အတွက် ကူညီပံ့ပိုးမှုများဆက်လက် လိုအပ်လျက်ရှိပါသည်။ လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ဝေးလံခေါင်ဖျားခြင်း၊ ဒေသတွင်း စွမ်းဆောင်ရည်များ အကန့်အသတ်ရှိနေခြင်း၊ လမ်းပန်းဆက်သွယ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာခက်ခဲမှုများကြောင့် ချင်းပြည်နယ်၌ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကစိန်ခေါ်မှုများနှင့်ရင်ဆိုင်နေကြရပါသည်။ ချင်းပြည်နယ်တွင် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ကြရသူအချို့မှာ အများဆိုင်နေရာများတွင် နေထိုင်ရသည့်အတွက် လုံခြုံစိတ်ချမှုမရှိခြင်း၊ ရေချိုးရန်နေရာနှင့် အိမ်သာများ အကန့်အသတ်ရှိနေခြင်း စသည့်အခြေအနေများက ကြုံတွေ့နေကြရပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် အလွန်မြင့်မားသော တောင်ပေါ်ဒေသဖြစ်သည့် ချင်းပြည်နယ်တွင် အောက်တိုဘာနှောင်းပိုင်းကာလနှင့် ဇန်နဝါရီလအတွင်း အပူချိန်မှာ ရေခဲမှတ်အောက်သို့ပင်ကျဆင်းလေ့ရှိသောကြောင့် အရည်အသွေးပိုမိုကောင်းမွန်သည့် ယာယီအမိုးအကာနှင့် နေထိုင် ရာနေရာများရှိရန်မှာ အလွန်အရေးကြီးပါသည်။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးသည် ယာယီစခန်းများတွင် နေထိုင်နေကြသော ပြည်သူများအတွက် အရည်အသွေးကောင်းမွန်သည့် ယာယီအမိုးအကာတဲအလုံး ၈၂၀ကို ဖြန့်ဝေပေးခဲ့ပြီး၊ ၎င်းတို့ကို ဆောင်းရာသီ အအေးဒဏ်ခံနိုင်ရန်အတွက် သစ်သားကြမ်းခင်းများဖြင့် မွမ်းမံပြင်ဆင်သွားမည်ဖြစ်ပါသည်။ ရွှေ့ပြောင်း သွားလာနေထိုင်ခြင်းဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့အနေဖြင့် ဆောင်းရာသီအတွက် စောင်များဖြန့်ဖြူးပေးရန် စီစဉ်ဆောင်ရွက်နေသော်လည်း အခြားအထောက်အပံ့ပစ္စည်းများဖြစ်သည့် မီးဖိုများ၊ ဆိုလာပြားများ၊ ပလပ်စတစ်စများ၊ ယာယီအမိုးအကာတဲများပြုပြင်ရန်ပစ္စည်းကိရိယာတန်ဆာပလာများနှင့် လောင်စာဆီများမှာ လိုအပ်လျက်ရှိနေပါသည်။ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ Save the children နှင့် ဒေသတွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများကလည်း ဟားခါးနှင့် တီးတိန်မြို့နယ်များအတွက် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိနေသော်လည်း တွန်းဇံမြို့၏ နေရာဒေသအချို့တွင်မူ လိုအပ်ချက်များ ရှိနေပါသေးသည်။

ကလေးမြို့ရှိ အချို့သောနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူမိသားစုများသည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သော ယာယီအမိုးအကာတဲများကို ရရှိခဲ့ကြပြီး၊ အချို့သောနေရာဒေသများတွင် အစိုးရနှင့်ဒေသခံစေတနာရှင်များမှ လှူဒါန်းသော ပံ့ပိုးပစ္စည်းများဖြင့် ယာယီအမိုးအကာနှင့်နေထိုင်ရာနေရာများကိုဆောက်လုပ်ခဲ့ကြပါသည်။ အချို့သောဒေသများတွင် ယာယီနေထိုင်ရာနေရာနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအခြေအနေများသည် စိုးရိမ်ပူပန်ရသည့်အနေအထားတွင် ရှိနေပါသည်။ နန်းစန်ပုကျေးရွာရှိ ကယ်ဆယ်ရေးစခန်းတွင် ၁၂ပေပတ်လည်ရှိ နေရာကို မိသားစု၄စု စုပေါင်းနေထိုင်ကြရလျက်ရှိပါသည်။ လုံခြုံမှုနှင့် သီးသန့်ဖြစ်စေရန်အတွက် နေရာထိုင်ခင်းကို ကာရံနိုင်မည့် ပစ္စည်းများ ဖြန့်ဝေပေးခဲ့ပြီးဖြစ်သော်လည်း၊ လာမည့်ဆောင်းရာသီကာလတွင် ထိုနေရာများ၌ ကြာရှည်ဆက်လက်နေထိုင်ရမည်ဆိုပါက ပိုမိုကောင်းမွန်သည့် အမိုးအကာနှင့် နေထိုင်ရာနေရာများ လိုအပ်ပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ချုပ်(IFRC) တို့သည် စခန်းများတွင် နေထိုင်လျက်ရှိနေသော အိမ်ထောင်စုပေါင်း ၇၀၁ စုအတွက် ဘက်စုံအသုံးပြုနိုင်မည့်ငွေကြေးပံ့ပိုးပေးမှုကို ဆောင်ရွက်ရန်စီစဉ်လျက်ရှိပြီး ရေဘေးဒဏ်ကို အဆိုးဝါးဆုံးခံစားခဲ့ကြရသည့် ကျေးရွာပေါင်း ၁၂ ရွာမှ အိမ်ထောင်စုပေါင်း ၂,၂၂၄ စုအတွက်လည်း ငွေကြေးပံ့ပိုးမှုအစီအစဉ်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ADRA အဖွဲ့အစည်းအနေဖြင့် ကလေးနှင့်တမူးမြို့နယ်များတွင် ယာယီနေထိုင်ရာနေရာ ၈၀၀ ကိုဆောက်လုပ်ရန် စီစဉ်လျက်ရှိပါသည်။ တာဝန်ရှိသူများ၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများကလည်း အိမ်သာအသစ်များ ဆောက်လုပ်ပေးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ယာယီစခန်းများတွင် အိမ်သာနှင့်/သို့မဟုတ် ရေရရှိရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

## ရခိုင်ပြည်နယ်သည် ရေဘေးသင့်ဒဏ် အဆိုးဝါးဆုံးခံစားခဲ့ရသည့် ဒေသတစ်ခုဖြစ်

### စိုက်ပျိုးသီးနှံများကြီးမားစွာဆုံးရှုံးခဲ့ရပြီးနောက် လယ်သမားများ အလျင်အမြန် ပြန်လည်စိုက်ပျိုးလျက်ရှိ

ဇွန်လနှင့်ဇူလိုင်လများအတွင်းတွင် ကြီးမားပြင်းထန်သည့် ရေကြီးရေလျှံမှုများနှင့် ရင်ဆိုင်တွေ့ကြုံခဲ့ရပြီး ဩဂုတ်လအတွင်းတွင်လည်း ရေဘေးဒဏ်ကို ထပ်ဆင့်ခံစားခဲ့ရသည့် ရခိုင်ပြည်နယ်သည် ဆိုင်ကလုန်းမုန်တိုင်း ကိုမန် တိုက်ခတ်မှုဒဏ်ကို ခံစားရပြီးနောက် နိုင်ငံအတွင်းတွင် ရေဘေးဒဏ်ကိုအဆိုးဝါးဆုံးခံစားခဲ့ရသည့် ဒေသတစ်ခုဖြစ်ခဲ့ပါသည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ(NNDMC)၏ ထုတ်ပြန်ချက်များအရ ရခိုင်ပြည်နယ်အတွင်းတွင် ရေဘေးကြောင့် လူပေါင်း ၆၂ ဦး သေဆုံးခဲ့ရပြီး၊ လူဦးရေ ၁၀၀,၀၀၀ နီးပါးခန့် နေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရကာ အိမ်ခြေပေါင်း ၁၃,၇၀၀ကျော် ပျက်စီးခဲ့၍ လယ်မြေဧကပေါင်း ၂၇၀,၀၀၀ ထိခိုက်ပျက်စီးခဲ့ပါသည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (NNDMC) ၏ ထုတ်ပြန်ချက်အရ မင်းပြားနှင့်မြောက်ဦး မြို့နယ်များမှာ နိုင်ငံအတွင်း အဆိုးဝါးအပြင်းထန်ဆုံး ထိခိုက်ခဲ့သည့် မြို့နယ်များတွင် အပါအဝင်ဖြစ်ပါသည်။ ဘူးသီးတောင်၊ ကျောက်တော်နှင့် မောင်တောမြို့နယ်များမှာလည်း ဆိုးဝါးစွာထိခိုက်ခဲ့ပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ ရေအရင်းအမြစ်အများစုမှာ ရေကြီးရေလျှံမှု သို့မဟုတ် ရေငံများဝင်ရောက်မှုကြောင့် ညစ်ညမ်းသွားခဲ့ရသည့်အတွက် သန့်ရှင်းရေးလုပ်ငန်းများပြုလုပ်ရန်လိုအပ်လျက်ရှိပြီး၊ ၂၀၁၆ ခုနှစ် ခြောက်သွေ့ရာသီတွင် ရေပြတ်လပ်မှုအန္တရာယ် ဖြစ်ပေါ်လာနိုင်သည့် အနေအထားတွင်ရှိနေပါသည်။ ရခိုင်ပြည်နယ်တွင် ကျောင်းများ၊ ဆေးရုံများအပါအဝင် အများနှင့်ဆိုင်သော နေရာများနှင့် အဆောက်အဦးများ ကြီးမားစွာ ထိခိုက်ပျက်စီးမှုရှိခဲ့ပါသည်။ နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများရှိ လူများအပါအဝင် ရပ်ရွာ၊ မြို့နယ်များရှိ လူထုအားလုံးမှာ ရေဘေးဒဏ်ကိုခံစားခဲ့ကြရပါသည်။ နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများရှိ ယာယီနေထိုင်ရာနေရာအများအပြား ရေကြီးရေလျှံမှုအတွင်း ဆိုးဝါးစွာထိခိုက်ပျက်စီးခဲ့ပါသည်။

*ရခိုင်ပြည်နယ်ရှိကျေးရွာအုပ်စု/မြို့ ၅၀၀ကျော်တွင် ရေဘေးတုံ့ပြန်ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး၊ ထပ်မံဆောင်ရွက်မည့် လုပ်ငန်းများကိုလည်း စီစဉ်ချမှတ်လျက်ရှိ*

တပ်မတော်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သည် အရေးပေါ်တုံ့ပြန်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်ခဲ့ပါသည်။ အရေးပေါ်တုံ့ပြန်ကယ်ဆယ်ရေးဆောင်ရွက်မှုများအပြင် ရေဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရန် တောင်သူလယ်သမားများအား ပံ့ပိုးပေးနိုင်ရန်အတွက် အစိုးရအနေဖြင့် အလျင်အမြန် စုစည်းဆောင်ရွက်မှုများကိုလည်း လုပ်ဆောင်ခဲ့ပါသည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ထုတ်ပြန်ချက်အရ အောက်တိုဘာလ လဆန်းပိုင်းအထိ လယ်ဧကပေါင်း ၂၁၅,၀၀၀ ကျော်ကို ပြန်လည်စိုက်ပျိုးခဲ့ပြီးဖြစ်ပါသည်။

### ဒေသတွင်း တုံ့ပြန်ကယ်ဆယ်ရေးလုပ်ငန်းများအတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ ပံ့ပိုးကူညီ

ကုလသမဂ္ဂနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများသည် ရခိုင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူအားလုံးအတွက် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်လျက်ရှိပါသည်။ အစားအစာ၊ ရေသန့်၊ စောင်များ၊ ဖျာများနှင့် မီးဖိုချောင်သုံးပစ္စည်းများဖြန့်ဝေပေးခြင်း၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးများ၊ အမိုးအကာ အသုံးအဆောင်ပစ္စည်းများ၊ အရေးပေါ်အခြေအနေ ပညာရေးဝန်ဆောင်မှုများနှင့် ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း၊ မိသားစုများ ပြန်လည်ထူထောင်နိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ပံ့ပိုးမှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရခိုင်ပြည်နယ်ရှိ ကျေးရွာအုပ်စု/မြို့ ၅၀၀ကျော်တွင် ရေဘေး တုံ့ပြန်ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး၊ ထပ်မံဆောင်ရွက်မည့် လုပ်ငန်းများကိုလည်း စီစဉ်ချမှတ်လျက်ရှိပါသည်။



ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့်မိတ်ဖက်အဖွဲ့အစည်းများ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ စပါးထားကျေးရွာတွင် လူပေါင်း ၁,၆၀၀ ကျော်အတွက် ရေများဖြန့်ဝေပေးနေစဉ်။ ဓာတ်ပုံ-ကျော်ထက်၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့။

မြို့၏နေရာအများအပြားတွင် အမြင့်ပေအတော်များများအထိ ရေလွှမ်းမိုးမှုဒဏ်ခံခဲ့ရသည့် မြောက်ဦးနှင့် ဘူးသီးတောင်မြို့နယ်များတွင် နိုင်ငံတကာ အဖွဲ့အစည်းများသည် ဒေသတွင်းရှိ တာဝန်ရှိသူများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်း၍ ရေဘေးသင့်အိမ်ထောင်စုများအတွက် အထောက်အကူများ ပံ့ပိုးပေးခဲ့ကြပါသည်။ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများတွင် ရေတွင်း၊ရေကန်များ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ အစားအစာ၊ ရေနှင့် အိမ်ထောင်စုသုံးပစ္စည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ သို့မဟုတ် အခြားမရှိမဖြစ်လိုအပ်သောအသုံးအဆောင်များ ဖြန့်ဝေပေးခြင်း၊ ကျန်းမာရေးနှင့် အာဟာရ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ ပါဝင်ပါသည်။ သမဝါယမဘဏ် (CBဘဏ်) မှလည်း မြောက်ဦးမြို့နယ်ရှိ နေအိမ်များ လုံးဝ သို့မဟုတ် ကြီးကြီးမားမား ပျက်စီးခဲ့ရသည့် အိမ်ထောင်စုများအတွက် အိုးအိမ်များ ပြန်လည်တည်ဆောက်နိုင်ရန် ငွေကြေးပံ့ပိုးမှုများကို ဆောင်ရွက်ပေးခဲ့ပါသည်။ ဘူးသီးတောင်မြို့နယ်တွင်လည်း အိုးအိမ်များ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ပြင် လူသားချင်းစာနာမှုဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ကျေးရွာများရှိ ရပ်ရွာလူထုများ ပြန်လည်ထူထောင်နိုင်ရေးအတွက် အသက်မွေး

ဝမ်းကျောင်းဆိုင်ရာများပံ့ပိုးခြင်း၊ ဝင်ငွေလည်ပတ်မှုလုပ်ငန်း အစီအစဉ်များ၊ သီးနှံမျိုးစေ့များပံ့ပိုးပေးခြင်းနှင့် ငွေကြေးပံ့ပိုးမှု အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများသည် နေရပ်စွန့်ခွာတိမ်းရှောင်သူ စခန်းများရှိ အများနှင့်သက်ဆိုင်သည့် နေရာ၊ အဆောက်အဦများ အပါအဝင် ထိခိုက်ပျက်စီးခဲ့သည့် အိမ်ခန်းတွဲများနှင့် စခန်းတွင်းရှိ အခြေခံအဆောက်အဦများအား ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ စခန်းအတွင်းရှိ နေထိုင်ရာနေရာအများအပြားမှာ ၂ နှစ်ကျော်ကြာသည်အထိ နေထိုင်အသုံးပြုပြီးချိန်တွင် ပြန်လည်ပြင်ဆင်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် လိုအပ်နေပြီ ဖြစ်ပါသည်။ အချို့သောမိသားစုများသည် နေထိုင်ရာနေရာများ ပြန်လည် ပြုပြင်၊ ပြင်ဆင်မှုအားစောင့်ဆိုင်းရင်း အများပိုင် ကွက်လပ်နေရာများတွင် သို့မဟုတ် ၎င်းတို့နေထိုင်လျက်ရှိသော နေရာများတွင် တာပေါ်လင်စများဖြင့် ကာရံလျက် နေထိုင်နေကြပါသည်။ နေထိုင်ရာနေရာများနှင့်စပ်လျဉ်းသည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် အဖွဲ့အစည်းများအနေဖြင့် စစ်တွေနှင့်ပေါက်တောမြို့နယ်များရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများတွင် နေထိုင်ရာနေရာများ ပြင်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

## ကချင်ပြည်နယ် ဆွမ်ပရာဘွမ်ဒေသရှိ ပဋိပက္ခဒဏ်ခံနေကြရသည့် အရပ်သားများအတွက် လူသားချင်းစာနာမှုဆိုင်ရာ လက်လှမ်းမီမှု အကန့်အသတ်များရှိနေ

*ဆွမ်ပရာဘွမ်ဒေသရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများတွင် မသန်စွမ်းသူများ သို့မဟုတ် ပြင်းထန်သည့်၊ နာတာရှည် မကျန်းမမာဖြစ်နေသူများ၊ အမျိုးသမီးများ၊ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများစသည့် ထိခိုက်ပျက်စီးလွယ်သည့် အခြေအနေတွင်ရှိသူများ ပါဝင်နေ*

### ဆွမ်ပရာဘွမ်ဒေသတွင် လူပေါင်း ၁,၂၀၀ ခန့် ဆက်လက်နေရပ်စွန့်ခွာတိမ်းရှောင်နေရဆဲဖြစ်ပြီး၊ အကူအညီများ လိုအပ်လျက်ရှိ

မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်တို့အကြား ဇူလိုင်လအစောပိုင်းမှ စတင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် ကလေးသူငယ် ၅၀၀ ခန့် အပါအဝင် အရပ်သား ၁,၂၀၀ ခန့် ဆွမ်ပရာဘွမ်ဒေသတွင် နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရပါသည်။ ကုလသမဂ္ဂအနေဖြင့် အဆိုပါဒေသသို့သွားရောက်ရန် ခွင့်ပြုချက်မရရှိခဲ့သဖြင့် အဆိုပါကိန်းဂဏန်းများကို အတည်ပြုပေးနိုင်ခြင်းမရှိပေ။ နေရပ်စွန့်ခွာတိမ်းရှောင်သူများမှာ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ အထောက်အပံ့များကို အနည်းငယ်သာ လက်လှမ်းမီမှုရှိပါသည်။ ဒေသတွင်းရှိအခြားသောအရပ်သား ၁,၀၀၀ခန့် မှာ လည်း ပဋိပက္ခကြောင့် ထိခိုက်မှုရှိခဲ့ပြီး၊ အန္တရာယ်ဖြစ်လွယ်နိုင်သည့် အခြေအနေနှင့် ရင်ဆိုင်ကြရလျက်ရှိပါသည်။ အိမ်ထောင်စု အနည်းငယ်မျှသာ အဆိုပါဒေသမှမြစ်ကြီးနားမြို့တစ်ဝိုက်ရှိ လက်ရှိနေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများအပါအဝင် အခြားနေရာများ သို့ထွက်ခွာသွားနိုင်ခဲ့ကြသော်လည်း အများအပြားမှာ ပဋိပက္ခဖြစ်နေသည့်ဒေသမှမထွက်ခွာနိုင်ကြသေးပေ။ ကုလသမဂ္ဂ၊ ဒေသတွင်း နှင့် နိုင်ငံတကာမှ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ထိုဒေသတွင် အရေးပေါ်လိုအပ်နေသော ကူညီထောက်ပံ့မှုများကို ဆောင်ရွက်နိုင်ရန်အတွက် လူသားချင်းစာနာမှုဆိုင်ရာလက်လှမ်းမီနိုင်ရေးနှင့် အရပ်သားများအတွက် ကာကွယ် စောင့်ရှောက်မှုပေးရန် အကြိမ်ကြိမ် ကိုယ်စားပြု တောင်းဆိုခဲ့ကြပါသည်။

အဆိုပါ နေရပ်စွန့်ခွာတိမ်းရှောင်သူများတွင် မသန်စွမ်းသူများ သို့မဟုတ် ပြင်းထန်သည့်၊ နာတာရှည် မကျန်းမမာဖြစ်နေသူများ၊ အမျိုးသမီးများ၊ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများစသည့် ထိခိုက်ပျက်စီးလွယ်သည့်အခြေအနေတွင်ရှိသူများ ပါဝင်နေပါသည်။ နေရပ်စွန့်ခွာတိမ်းရှောင်သူများမှာ ရွက်ဖျင်တဲများနှင့်သက်ကယ်တဲများဖြင့်နေထိုင်လျက်ရှိကြပြီး၊ ၎င်းတို့ရပ်ရွာအိုးအိမ်များကို စွန့်ခွာလာစဉ်က အစားအစာနှင့် အခြားပိုင်ဆိုင်မှုများ သယ်ယူရန် အခွင့်အလမ်းများ မရရှိခဲ့ကြပေ။ အောက်တိုဘာလနှောင်းပိုင်းတွင် ဒေသတွင်းရှိ ကချင်နှစ်ခြင်းအသင်းတော်များမှ အစားအစာနှင့် ဆေးဝါးများကို ပံ့ပိုးပေးနိုင်ခဲ့သော်လည်း အရေးပေါ်အမိုးအကာနှင့် နေထိုင်ရာနေရာ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အစားအစာ မပတ်သည့် အခြားပံ့ပိုးပစ္စည်းများ အရေးတကြီးလိုအပ်လျက်ရှိနေပါသည်။ ထိုဒေသအတွင်းရှိ ကျေးရွာများမှ ပြည်သူများသည်လည်း ပဋိပက္ခဒဏ်ခံစားကြရပြီး ပံ့ပိုးကူညီမှုများ လိုအပ်လျက်ရှိနေပါသည်။

၂၀၁၅ခုနှစ် ဇူလိုင်လမှ အောက်တိုဘာလအတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် တို့တွင် နေရပ်စွန့်ခွာတိမ်းရှောင်မှုအသစ်များ




### မန်စီမြို့နယ်တွင်ဖြစ်ပွားသည့် ပဋိပက္ခများကြောင့် လူပေါင်း ရာနှင့်ချီ၍ ထွက်ပြေးတိမ်းရှောင်ခဲ့ရ

စက်တင်ဘာလ ၇ ရက်နေ့တွင် မန်စီမြို့နယ် မိုင်းခေါင်ဒေသတွင် ပဋိပက္ခများဖြစ်ပွားခဲ့ပါသည်။ နောက်ပိုင်းရက်များတွင်လည်း ကြိုကြားတိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့ပြီး မိုင်းခေါင်ဒေသအနှံ့အပြားတွင် ထိခိုက်မှုများရှိခဲ့ပါသည်။ အဆိုပါတိုက်ပွဲများကြောင့် လူပေါင်း ၇၅၀ ခန့် ထပ်မံ၍ နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရပါသည်။ နေရပ်စွန့်ခွာတိမ်း

**လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးမှ ထုတ်ဝေသည့် သတင်းအချက်အလက် အသစ်များ**

မြန်မာနိုင်ငံ - လူသားချင်းစာနာမှု ဆိုင်ရာ အခြေအနေများ (၁၆ အောက်တိုဘာ ၂၀၁၅)

မြန်မာနိုင်ငံ - ချင်းပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများ (၂၁ စက်တင်ဘာ)

မြန်မာနိုင်ငံ - ကချင်နှင့် ရှမ်းမြောက်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်မှုများ (ဩဂုတ် ၂၀၁၅)

မြန်မာနိုင်ငံ - ရခိုင်ပြည်နယ် အတွင်းရှိ နေရပ်စွန့်ခွာတိမ်းရှောင် သူစခန်းများ (ဩဂုတ် ၂၀၁၅)

(စာရွက်စာတမ်းများကို ရယူရန်အတွက် နှိပ်ပါ)

ရှောင်သူများသည် ထိုဒေသတွင် မူလကရှိနေသော စခန်းများ၌ နေထိုင်လျက်ရှိကြပါသည်။ အဆိုပါ နေရပ်စွန့်ခွာတိမ်းရှောင်သူများမှာ စက်တင်ဘာလလယ်နှောင်းပိုင်း တိုက်ပွဲများလျော့ပါးသွားချိန်တွင် ဒေသတွင်းနှင့်နိုင်ငံတကာအဖွဲ့အစည်းများထံမှ ပံ့ပိုးမှုအကူအညီများကို ရရှိခဲ့ကြပါသည်။ ၎င်းတို့အနက်မှ အချို့မှာ စိုက်ပျိုးထားသည့်သီးနှံများရိတ်သိမ်းရန် သူတို့နေထိုင်ရာကျေးရွာများသို့ ပြန်သွားကြပြီဖြစ်ပါသည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများ၌ လေးနှစ်ကျော်ကာလအထိ နေထိုင်လျက်ရှိသော နေရပ်စွန့်ခွာတိမ်းရှောင်သူဦးရေ ၁၀၀,၀၀၀ ခန့်ရှိပါသည်။ ၎င်းတို့အနက်မှ ၅၀ ရာခိုင်နှုန်းမှာ အစိုးရထိန်းချုပ်မှု ပြင်ပရှိဒေသများတွင် နေထိုင်လျက်ရှိနေကြပါသည်။

## ရှမ်းပြည်နယ်တောင်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ပဋိပက္ခနှင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုအသစ်များ

### ပဋိပက္ခများကြောင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် လူဦးရေ ၆,၀၀၀ ခန့်အထိ နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရ

၂၀၁၅ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ်တွင် မြန်မာ့တပ်မတော်နှင့် ရှမ်းပြည်တပ်မတော်(မြောက်ပိုင်း) တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး၊ ထိုအချိန်မှစတင်၍ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့ပါသည်။ လူဦးရေ ၆,၀၀၀ ခန့်အထိ နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရပြီး၊ ထိုသူများမှာ မိုင်းရှူးနှင့် ကျေးသီးမြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများနှင့် နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများတွင်နေထိုင်လျက်ရှိကြပါသည်။ ထိုနေရပ်စွန့်ခွာတိမ်းရှောင်သူများတွင်အောက်တိုဘာလ ၂၉ရက်နေ့က ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည့် လူဦးရေ ၁၅၀၀ လည်း ပါဝင်ပါသည်။ ဒေသတွင်း အဖွဲ့အစည်းများ၏အစီရင်ခံစာများအရ တိုက်ပွဲများအတွင်းတွင် ကလေးငယ်တစ်ဦးအပါအဝင် အနည်းဆုံး အရပ်သား၄ဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းသိရှိရပါသည်။ တိုက်ပွဲများနှင့်လုံခြုံရေးအခြေအနေများကြောင့် အနီးဆုံး ဆေးဝါးကုသနိုင်သည့်နေရာဖြစ်သည့် မိုင်းရှူးဆေးရုံသို့လက်လှမ်းမီမှုမှာလည်း အကန့်အသတ်များရှိနေသဖြင့် နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အရေးပေါ်လိုအပ်ချက်များ ဖြစ်ပေါ်လျက်ရှိပါသည်။ ကုလသမဂ္ဂအနေဖြင့် အရပ်သားများအား ကာကွယ်စောင့်ရှောက်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ လက်လှမ်းမီရေးကို ဆက်လက် တောင်းဆိုလျက်ရှိပါသည်။

*ဆေးဝါးကုသမှုများကို လက်လှမ်းမီမှုမရှိခြင်းသည် ရှမ်းပြည်နယ်အတွင်း ပဋိပက္ခများကြောင့် ထိခိုက်ခံရသောဒေသများရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် အခြားအရပ်သားများအတွက် အလွန်စိုးရိမ်ရသည့် အခြေအနေကိုဖြစ်ပေါ်စေ*

ဒေသတွင်း အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ ဆောင်ရွက်ခဲ့သည့် အခြေအနေလေ့လာဆန်းစစ်မှုများအရ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ၊ အဝတ်အထည်များ၊ စောင်များ၊ ဆေးဝါးများ၊ အမိုးအကာနှင့် နေထိုင်ရာနေရာများ၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ အရေးပေါ် လိုအပ်ချက်များ ရှိနေကြောင်း တွေ့ရှိခဲ့ရပါသည်။ လတ်တလောဖြစ်ပွားခဲ့သည့် ပဋိပက္ခကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်သူအများအပြားသည် ကွင်းပြင်များထဲတွင် နေထိုင်နေရသည့်အတွက် လုံလောက်သည့် အမိုးအကာ၊နေထိုင်ရာနေရာများ အရေးပေါ် လိုအပ်လျက်ရှိပါသည်။ ဒေသခံရပ်ရွာလူထုနှင့် လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများမှ နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် အစားအစာ၊ တစ်ကိုယ်ရေသန့်ရှင်းရေး အသုံးအဆောင်များနှင့် အစားအစာမဟုတ်သည့် အခြားအသုံးအဆောင်ပစ္စည်းများအပါအဝင် အထောက်အပံ့များကို ကူညီပံ့ပိုးပေးခဲ့သော်လည်း ထပ်မံ၍ အကူအညီ၊ အထောက်အပံ့များ အပူတပြင်း ဆက်လက်လိုအပ်လျက်ရှိပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ ထုတ်ပြန်ချက်အရ ဒေသခံရပ်ရွာလူထုနှင့် အဖွဲ့အစည်းများမှ လှူဒါန်းသော စားနပ်ရိက္ခာများမှာ လတ်တလောအတွက် လုံလောက်မှုရှိသော်လည်း သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများကဲ့သို့သော ထိခိုက်ပျက်စီးလွယ်သည့်အခြေအနေရှိအုပ်စုများအတွက် အာဟာရဆိုင်ရာပံ့ပိုးမှုများ ထပ်မံလိုအပ်လျက်ရှိကြောင်း သိရှိရပါသည်။

## နေရပ်စွန့်ခွာတိမ်းရှောင်သူ အများစု ကိုးကန့်သို့ ပြန်လည်ဝင်ရောက်

### နေရပ်သို့ပြန်လာသူများအား လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများမှ ကနဦးပံ့ပိုးမှုများဆောင်ရွက်

မြန်မာ့တပ်မတော်၊ မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်(MNDAA)နှင့်အခြားလက်နက်ကိုင်အဖွဲ့များအကြားဖြစ်ပွားခဲ့သည့်တိုက်ပွဲများသည် ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် အောက်တိုဘာလအတွင်းတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ လျော့ပါးသွားခဲ့ပါသည်။ လားရှိုးရှိ ကယ်ဆယ်ရေးနှင့်ပြည်လည်နေရာချထားရေးဌာန၏ ထုတ်ပြန်ချက်အရ ဖေဖော်ဝါရီလတွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် တရုတ်နိုင်ငံသို့ တိမ်းရှောင်ခဲ့သူ ၆၀၀၀၀-၇၀၀၀၀ အနက်မှ လူဦးရေ ၈,၀၀၀ ခန့်မှာ နယ်စပ်တွင် ကျန်ရှိနေဆဲဖြစ်ပြီး၊ ကျန်လူများမှာ နေရပ်သို့ ပြန်လည်ဝင်ရောက်ခဲ့ပြီဖြစ်ပါသည်။ နေရပ်ပြန်လာသူများသည် လောက်ကိုင်ဒေသသို့ ဦးစွာပြန်လည်ဝင်ရောက်လာကြပြီး၊ လောက်ကိုင်ဒေသတောင်ဖက်ရှိနေရာသို့လည်း ပြန်လည်ဝင်ရောက်ခဲ့ကြပါသည်။ အစိုးရအနေဖြင့်လည်း တရုတ်နိုင်ငံတွင်ကျန်ရှိနေသူများအား ယာယီတည်းခိုရေးစင်တာ ၃ ခုတွင်နေရာချထားပေးပြီး၊ ထိုနေရာများတွင် ၎င်းတို့အား ပံ့ပိုးမှုများ ဆောင်ရွက်ပေး၍ နေရပ်သို့မပြန်မီ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ကိုးကန့်ဒေသသို့ လက်လှမ်းမီမှု အခြေအနေမှာ တိုးတက်လာသော်လည်း အကန့်အသတ်များရှိနေဆဲဖြစ်ပြီး၊ အထူးသဖြင့် လောက်ကိုင်မြို့ မြောက်ဘက်နေရာများသို့ လက်လှမ်းမီမှု အကန့်အသတ်ရှိနေဆဲ ဖြစ်ပါသည်။ လွန်ခဲ့သည့် လများအတွင်းတွင် လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေများကို လေ့လာဆန်းစစ်ရန်နှင့် အထောက်အပံ့များကို စတင်ဖြန့်ဝေပေးသွားရန်အတွက်

ကိုးကန့်ဒေသသို့ ခရီးစဉ်များ သွားရောက်ဆောင်ရွက်ခဲ့ပါသည်။ Care International, ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၊ ICRC၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့နှင့် လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံးတို့မှ သွားရောက်ခဲ့သည့် ခရီးစဉ်များလည်း ပါဝင်ပါသည်။ ဤကနဦး အခြေအနေ လေ့လာဆန်းစစ်မှုများတွင် စားနပ်ရိက္ခာ၊ အသက်မွေးဝမ်းကျောင်း ဆိုင်ရာ အထောက်အကူများ၊ မိသားစုအသုံးအဆောင်ပစ္စည်းများနှင့်ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုဆိုင်ရာ လိုအပ်ချက်များကိုအဓိကထားဖော်ပြထားပါသည်။ရေပေးဝေရေး စနစ်တိုးတက်ကောင်းမွန်ရေးကို ဆောင်ရွက်ရန် လိုအပ်နေကြောင်းလည်း တွေ့ရှိရပြီး၊ အဆိုပါလိုအပ်ချက်မှာ ပဋိပက္ခများ မဖြစ်ပွားမီကပင်ရှိနေသည့် ရေရှည်လိုအပ်ချက်တစ်ခုပင်ဖြစ်ပါသည်။ ထပ်မံ၍ ကဏ္ဍအလိုက် အထူးပြုသည့်လေ့လာဆန်းစစ်မှုများကို ဆက်လက်ဆောင်ရွက်ရန်လည်းလိုအပ်ပါသည်။


လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး၏ ဝန်ထမ်းများမှ ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်း ကိုးကန့်ဒေသသို့သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ရပ်ရွာလူထုများနှင် တွေ့ဆုံဆွေးနွေးစဉ်။ ဓာတ်ပုံ-OCHA

စက်တင်ဘာလအတွင်းတွင်ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှကိုးကန့်ဒေသရှိ နေရပ်ပြန်လာသူ ၆၄၀၀ ကျော်အတွက် စားနပ်ရိက္ခာများ ဖြန့်ဝေပေးခဲ့ပါသည်။ Health Poverty Action (HPA) မှ ၂၀၁၅ ခုနှစ် ဩဂုတ်လမှစတင်၍ နေရပ်ပြန်လာသူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ပြီး၊ ဂွမ်းကပ်အိပ်ရာဖုံးများ၊ ချက်ပြုတ်သည့် အသုံးအဆောင်ပစ္စည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများနှင့် ခြင်ထောင်များစသည့် ကယ်ဆယ်ရေး ပစ္စည်းများကို ပံ့ပိုးပေးခဲ့ပါသည်။ ထို့ပြင် Health Poverty Action (HPA) အနေဖြင့် ဒေသတွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လောက်ကိုင်နှင့် ကုန်းကြမ်းမြို့နယ်များရှိ ကျေးရွာ ၁၇ ရွာတွင်လည်း ကျန်းမာရေးအသိပညာပေးခြင်း၊ အာဟာရဆိုင်ရာပံ့ပိုးမှုနှင့် ကွင်းဆင်းဆေးဝါးကုသမှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုဝင်ဘာလမှစတင်၍ လောက်ကိုင် မြို့နယ်ရှိ စခန်းအမှတ် ဘီပီ-၁၃၇ မှ နေရပ်စွန့်ခွာတိမ်းရှောင်နေသူများအား အစားအစာနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ ပံ့ပိုးပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမတိုင်မီ ကာလကတည်းက ကိုးကန့်ဒေသတွင် လုပ်ငန်းများဆောင်ရွက်ခဲ့သည့် အခြားသောအဖွဲ့အစည်းများအနေဖြင့်လည်း လုပ်ငန်းအချို့ကို ပြန်လည်စတင် ဆောင်ရွက်လျက်ရှိပါသည်။

ထပ်မံ သိရှိလိုပါက အောက်ပါတို့ကို ဆက်သွယ်ပါ။

အီဗာ မော့ဒ်ဗစ်
အစီရင်ခံရေးအရာရှိ
အီးမေးလ် - modvig@un.org
ဖုန်း - (+၉၅) ၉ ၄၂၀ ၂၇၅ ၈၇၇

ဖျဲ ပယ်ရွန်
ပြန်ကြားဆက်သွယ်ရေးအရာရှိ
အီးမေးလ် - peronp@un.org
ဖုန်း - (+၉၅) ၉ ၂၅၀ ၁၉၈ ၉၉၇

OCHA လူသားချင်းစာနာမှု သတင်းလွှာကို www.reliefweb.int တွင် ရယူနိုင်ပါသည်။

ကုလသမဂ္ဂလူသားချင်း စာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး လူမှုကွန်ယက်စာမျက်နှာ
www.facebook.com/OCHAMyanmar

**လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (မြန်မာ) ဝက်ဘ်ဆိုဒ်**
**www.unocha.org/myanmar**